DEMOCRACY AGAINST DICTATORSHIP
#MILKTEAALLIANCE

# ဒုက္ခသည်များကို အဓမ္မပြန်လည်ပို့ဆောင်ခြင်း မပြုပါနှင့်၊

# ၎င်းတို့သည် နှင်ထုတ်ရမည့်သူများ မဟုတ်ပါ။

# အကာအကွယ်ပေးရမည့်သူများဖြစ်သည်။

ထုတ်ပြန်ကြေညာချက်

#MilkTeaAlliance Friends of Myanmar

မကြာသေးမီက နိုင်ငံအချို့က မြန်မာပြည်သူများကို မြန်မာစစ်အုပ်စုလက်ထဲသို့ ပြန်လည်ပို့ဆောင်ခဲ့သည့် ဖြစ်စဉ်များ အများအပြားရှိခဲ့ပြီး ၎င်းတို့ကို စစ်အုပ်စုက တပ်သားသစ်များအဖြစ် အဓမ္မစုဆောင်းခဲ့သည်။ ထိုသို့ စုဆောင်းခံရသူများသည် စစ်အုပ်စု၏တပ်ထဲတွင် အနိုင်ကျင့်ဖိနှိပ်ခံရလေ့ရှိပြီး မြန်မာပြည်သူများနှင့် စစ်ပြန်ခင်း နေသော စစ်အုပ်စုအတွက် တိုက်ပွဲဝင်ရန် အဓမ္မခိုင်းစေခြင်း ခံကြရလေ့ရှိကာ ကြီးမားသော အသက်အန္တရာယ် ခြိမ်းခြောက်မှုလည်း ရှိနေသည်။ ထို့ကြောင့် မြန်မာ၏ အိမ်နီးချင်းနိုင်ငံများက ထိုသို့ ပဋိပက္ခများနှင့် နှိပ်ကွပ်မှုများမှ ထွက်ပြေးလာသူများကို ပဋိပက္ခဒေသများသို့ ပြန်လည်နှင်ထုတ်နေသည်ကို တွေ့မြင်ရသည်မှာ တုန်လှုပ်ဖွယ် ကောင်းလှသလို အလွန်စိတ်ပျက်ဖွယ်ရာလည်း ကောင်းလှပါသည်။

ဒုက္ခများစွာ ကြုံတွေ့နေရသူများအပေါ် ထိုသို့ပြုမူဆောင်ရွက်ခြင်းသည် ကျင့်ဝတ်သိက္ခာမရှိသည့် အပြော တစ်မျိုး အလုပ်တစ်မျိုး လုပ်ရပ်များဖြစ်ပြီး ထိုနိုင်ငံများက လေးစားလိုက်နာရန် ကတိကဝတ် ပြုထား သော အခြေခံ လူ့အခွင့်အရေး စံနှုန်းများကို ချိုးဖောက်ရာလည်းကျသည်။ မကြာသေးမီက ထိုင်း၊ မလေးရှားနှင့် ဘင်္ဂလားဒေ့ရှ် နိုင်ငံတို့က မြန်မာပြည်သူများအား ထိုသို့ ပြန်လည်ပို့ဆောင်ခဲ့သည့် ဖြစ်စဉ်များ ရှိခဲ့ကြောင်း နိုင်ငံတကာတွင် အများအပြား ရေးသားဖော်ပြကြသော်လည်း ထိုသို့ ပြန်လည်ပို့ဆောင်သည့် အလေ့အထ သည် နေရာအနှံ့အပြား ဆက်လက်ဖြစ်ပေါ်နေပြီး ပုံမှန်လို ဖြစ်လာနေသည်။

ဇန်နဝါရီလ ၅ ရက်နေ့တွင် ဘင်္ဂလားဒေ့ရှ် အာဏာပိုင်များက Teknaf ကို လှေဖြင့်ဝင်ရောက်လာသည့် ရိုဟင်ဂျာ ပြည်သူ ၃၆ ဦးကို ဖမ်းဆီးထိန်းသိမ်းခဲ့ပြီး ဘင်္ဂလာဒေ့ရှ်နိုင်ငံ၏ နယ်ခြားစောင့်တပ်က ၎င်းတို့ မြန်မာနိုင်ငံသို့ပြန်လည်ပို့ဆောင်သွားမည်ဟုပြောကြားခဲ့သည်။[1]ရိုဟင်ဂျာပြည်သူများအပေါ် မြန်မာစစ်တပ်

[1] https://www.dhakatribune.com/bangladesh/nation/370008/36-rohingya-in-bgb-custody-after-intrusion

က သာမက အာရက္ခတပ်တော် (AA) ကလည်း အကြမ်းဖက်မှုများ ရှိနေသည်ဟု[2] သိရသည့်ကြားမှပင် ထိုသို့ ပြန်လည် ပို့ဆောင်မည်ဟု ပြောကြားခဲ့ခြင်းဖြစ်သည်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် ရိုဟင်ဂျာဒုက္ခသည်များကို ယခင်ကလို ဘင်္ဂလားဒေ့ရှ်နိုင်ငံအတွင်းသို့ လုံခြုံစွာ ဖြတ်ကျော်ခွင့်ပြုသင့်ပြီး ၎င်းတို့၏ ဒုက္ခသည် အခွင့်အရေးကိုလည်း အသိအမှတ်ပြုသင့်သည်။

အလားတူပင် မလေးရှားနိုင်ငံ ကမ်းခြေစောင့်တပ်သည် လူ ၃၀၀ နီးပါး တင်ဆောင်လာသော စက်လှေနှစ်စီးကို ၎င်းတို့၏ ရေပိုင်နက်ပြင်ပသို့ ပြန်လည်နှင်ထုတ်ခဲ့သည်။ လှေပေါ်ပါလာသူများသည် ရေနှင့် အစားအစာ ပြတ်လတ် နေကြပြီး အင်အားကုန်ခမ်းနေကြသည်။[3] လူမျိုးစုသုတ်သင်ရှင်းလင်းရေး (ethnic cleansing) ဖြစ်ပေါ်ခဲ့သည့် လွန်ခဲ့သော နှစ်,နှစ်တာ ကာလအတွင်း ပင်လယ်ထဲတွင် ပျောက်ဆုံးသွားခဲ့သည့် ရိုဟင်ဂျာပြည်သူ ၁,၀၀၀ ကျော်ရှိခဲ့သည်ကို[4] ပြန်စဉ်းစားကြည့်ပါက မလေးရှားက ယခုလို ထပ်မံပြုမူခြင်းသည် ထိန့်လန့်ဖွယ်ကောင်းသော လုပ်ရပ်ဖြစ်ကြောင်းတွေ့နိုင်သည်။ ထို့ကြောင့် ထိုသေဆုံးမှု များတွင် မလေးရှား နှင့် အခြားအာဏာပိုင်များလည်း တာဝန်မကင်းကြပေ။ ထို့ပြင် မလေးရှား အာဏာပိုင်များသည် ဖမ်းဆီးထိန်းသိမ်း ခံရသူများကိုလည်း ပြန်လည် စိစစ်ရေး သို့မဟုတ် အယူခံဝင်ရေး လုပ်ငန်းစဉ်မရှိပဲ မြန်မာနိုင်ငံသို့ ချက်ချင်း ပြန်လည်နှင်ထုတ်လာခဲ့သည်။ ယခင်က ဥပဒေလုပ်ထုံးလုပ်နည်းများ နှင့်အညီ စိစစ်ဆောင်ရွက်ခြင်းနှင့် အထောက်အထားမရှိသူများကို ဒဏ်ငွေ ကောက်၍ အပြစ်ပေးခြင်းလောက်သာ ပြုလုပ်ခဲ့ကြသောကြောင့်[5] ယခုလို ချက်ချင်းပြန်လည် ပို့ဆောင်ခြင်းသည် မူဝါဒပိုင်းဆိုင်ရာ တစ်ဆစ်ချိုး အပြောင်းအလဲတစ်ခုဖြစ်သည်။

ထိုင်းနိုင်ငံသည် အလုပ်သမားများအတွက် တရားဝင်အထောက်အထား တိုးမြှင့်ဆောင်ရွက်ပေးသည့် ဖြစ်စဉ်တွင်[6] မြန်မာစစ်အုပ်စုကို လုပ်ထုံးလုပ်နည်းအရ အလုပ်သမားများကို ပိတ်ပင်မှုပြုလုပ်ရန် အခွင့်အာဏာပိုပေးလိုက် သည်ကိုတွေ့ရသည်။ ထို့ပြင် လက်ရှိတွင် ထိုင်းနိုင်ငံ၏ ရွှေ့ပြောင်းလုပ်သား ထိန်းသိမ်းရေးစခန်းများသည် မြန်မာ ပြည်သူများကို တပ်သားစုဆောင်းကာ တိုက်ပွဲထဲစေလွှတ်နေသည့် စစ်အုပ်စုတပ်ဖွဲ့များလက်ထဲသို့[7] ပုံမှန်ပြန်လည် ပို့ဆောင် နေလျက်ရှိသည်။ နောက်ဆုံးတွေ့ရသည့် ဖြစ်စဉ်တစ်ခုတွင်လည်း ထိုင်းနိုင်ငံသည် ဆယ်စုနှစ်တစ်ခု ကျော်ကြာ ထိန်းသိမ်းထားခဲ့သော ဝီဂါပြည်သူ ၄၀

2 https://www.frontiermyanmar.net/en/fog-of-war-the-battle-for-truth-and-blame-in-the-rakhine-conflict/
3 https://www.reuters.com/world/asia-pacific/malaysia-turns-back-boats-carrying-300-myanmar-migrants-2025-01-05/
4 https://data.unhcr.org/en/situations/myanmar#powerbi
5 https://myanmar-now.org/en/news/malaysia-conducts-mass-arrests-of-myanmar-migrants-in-end-of-year-crackdown/
6 https://www.benarnews.org/english/news/thai/myanmar-thai-re-registration-02112025095335.html
7 https://www.irrawaddy.com/news/investigation/thai-immigration-officials-feed-myanmar-deportees-into-juntas-war-machine.html

ဦးကို တရုတ်နိုင်ငံသို့ ပြန်လည် ပို့ဆောင်ခဲ့ကြောင်းတွေ့ရပြီး[8] ၎င်းတို့သည် တရုတ်နိုင်ငံတွင် ထောင်ချခြင်းနှင့် ညှဉ်းပန်းနှိပ်စက်ခြင်း ခံရနိုင်ခြေ များစွာရှိနေသည်။

အထက်ပါ သာဓကများသည် မကြာသေးမီက နောက်ဆုံးဖြစ်ပေါ်ခဲ့သော ဖြစ်စဉ်များဖြစ်ပြီး ပဋိပက္ခမှ ထွက်ပြေး လာကြသော်လည်း ဒေသတွင်းနိုင်ငံများတွင် ရိုင်းပင်းကူညီမှုနှင့် ခိုလှုံစရာခွင့်မရပဲ ဖြစ်နေကြသည့် မြန်မာပြည်သူများ၏ အခြေအနေကို ထင်ဟပ်ဖော်ပြနေသည်။ အိန္ဒိယ၊[9] တရုတ်၊[10] အင်ဒိုနီးရှား[11] နှင့် အခြားနိုင်ငံများမှ အလားတူ အဓမ္မပြန်လည်ပို့ဆောင်ပြီး နှင်ထုတ်ကြသည့် သာဓကဖြစ်စဉ်များလည်း အများအပြား ရှိပါသည်။ ဤဖြစ်စဉ်များကို ကြည့်ခြင်းအားဖြင့် ဒေသတွင်းနိုင်ငံများ၏ အစိုးရများကြားတွင် ရက်စက်ကြမ်းကြုတ်မှုများကို မသိကျိုးကျွန်ပြုကြသည့် အလေ့အထအထတစ်ခုရှိနေပြီး ၎င်းတို့သည် အသက်ညှာဆုံးဆိုရလျှင် ကြံရာပါများ ဖြစ်ကြပြီး အဆိုးဆုံး ဆိုရလျှင် လူမျိုးစုသုတ်သင်ရှင်းလင်းရေး (ethnic cleansing) နှင့် အခြားကြီးမားသော လူ့အခွင့်အရေး ချိုးဖောက်မှုများ ကျူးလွန်နေသည့် အစိုးရများကို လိုလိုလားလား အားပေးနေသူများဖြစ်ကြောင်း ညွှန်ပြနေသည်။

မြန်မာနိုင်ငံ၏ အိမ်နီးချင်းနိုင်ငံများသည် အချို့သော ထွက်ပြေးဝင်ရောက်လာသူများကို ခိုလှုံခွင့်နှင့် အကူအညီ အချို့ ပေးကြသည်ကို တွေ့ရသော်လည်း အကြမ်းဖက်မှုမှ ထွက်ပြေးလာသူများကို လုံခြုံမှုနှင့် ကာကွယ်မှု ပေးနိုင်ရန် ထိုထက်မက များစွာအားစိုက်ဆောင်ရွက်ရန် လိုအပ်နေပါသည်။

ဒေသတွင်းနိုင်ငံ အစိုးရများသည် ပြည်သူများထွက်ပြေးအောင် တွန်းပို့နေသည့် ပြဿနာ၏ အရင်းအမြစ်ကို ကိုင်တွယ်နိုင်ရန်အတွက် လိုအပ်သော အရေးယူဆောင်ရွက်မှုများ ပြုလုပ်ရန် ပျက်ကွက်နေကြသည်။ ခြုံကြည့် လိုက်လျှင် အာဆီယံနိုင်ငံများနှင့် အခြားသော မြန်မာနိုင်ငံ၏ အိမ်နီးချင်းနိုင်ငံများသည် မြန်မာစစ်အုပ်စုကို ထိတွေ့ ဆက်ဆံမှုနှင့် အားပေးပံ့ပိုးမှုများ ဆက်လက်ပြုလုပ်နေလျက်ရှိသည်။ အချို့မှာ လောင်စာဆီနှင့် လက်နက်များပင် ရောင်းချပေးနေပြီး အချို့မှာ သံတမန်ဆက်ဆံရေး မှတစ်ဆင့် မြန်မာစစ်အုပ်စုကို တရားဝင်မှု ဆက်ပေးနေ လျက်ရှိသည်။ တရားမျှတမှုနှင့် တရားဝင်မှု မရှိသော မြန်မာစစ်အုပ်စုနှင့် ထိတွေ့ဆက်ဆံမှုများကို မဖြစ်မနေ အဆုံးသတ်ရန် လိုအပ်ပြီး အခြားသော သက်ဆိုင်ရာအစုအဖွဲ့များ (CSO, NUG, EAOs နှင့် ပြည်နယ်အဆင့် အစိုးရယန္တရားများ) နှင့် ထိတွေ့ဆံဆက်သင့်သည်။ နယ်စပ်ဖြတ်ကျော် အကူအညီပေးရေးအတွက် ပိုမိုကြိုးပမ်း အားထုတ်ရန်

8 https://www.amnesty.org/en/latest/news/2025/02/thailand-deportation-of-uyghurs-to-china-unimaginably-cruel/
9 https://www.reuters.com/world/india/india-deports-myanmar-refugees-who-fled-2021-coup-2024-05-02/
10 https://english.shannews.org/archives/27768
11 https://www.aljazeera.com/news/2023/12/29/indonesian-navy-pushes-back-rohingya-refugee-boat-off-aceh

လိုအပ်နေပြီး စစ်အုပ်စုအား လက်နက်၊ လောင်စာဆီနှင့် နိုင်ငံခြားငွေ ဖြတ်တောက်နိုင်ရေးအတွက် အရေးယူဆောင်ရွက်မှုများ ပြုလုပ်ရန် လိုအပ်သည်။

ဖေဖော်ဝါရီ ၂၀၂၁ ခုနှစ် အာဏာသိမ်းရန်ကြိုးပမ်းမှုကြောင့် ဖြစ်ပေါ်လာသော မြန်မာနိုင်ငံအကျပ်အတည်းသည် အလွန်ကြာမြင့်လာပြီဖြစ်ပြီး ပြည်သူသန်းနှင့်ချီ၍ နေရပ်စွန့်ခွာ ထွက်ပြေးလာခဲ့ရသည်။ ဤအခြေအနေသည် ဒေသတွင်းနိုင်ငံများ မတည်မငြိမ်ဖြစ်အောင် သက်ရောက်မှုများ ဆက်ရှိနေမည်ဖြစ်ပြီး မြန်မာပြည်သူများက လိုလားနေသည့်အတိုင်း မြန်မာစစ်အုပ်စုကိုဖယ်ရှားနိုင်မှသာ ပြေလည်နိုင်မည်ဖြစ်သည်။ တော်လှန်ရေးအဖွဲ့ အစည်းများကို အုပ်ချုပ်မှုနှင့်ဝန်ဆောင်မှု ယန္တရားများ တည်ဆောင်နိုင်အောင် ပံ့ပိုးကူညီရန် အထူးလိုအပ်နေသည်။

ဒေသတွင်းနှင့် အိမ်နီးချင်းနိုင်ငံအစိုးရများနှင့် အထူးသဖြင့် ထိုင်း မလေးရှားနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့အနေဖြင့် မြန်မာနိုင်ငံမှ ထွက်ပြေးလာသူများကို ဂရုဏာထား၍ လက်ကမ်းကူညီကြရန်၊ လိုအပ်သောအကာအကွယ် ပေးကြရန်နှင့် ရေရှည်ရပ်တည်ရေးနှင့် ညှိသည်အဖြစ်နေထိုင်စဉ် အိမ်ရှင်နိုင်ငံ၏အကျိုးကိုအားဖြည့်ဆောင်ရွက် ပေးနိုင်ရေးအတွက် အလုပ်လုပ်ခွင့်ပေးရန် ကျွန်ုပ်တို့တောင်းဆိုပါသည်။ လူသားချင်းစာနာစိတ်ဖြင့် ပြုမူကြရန်နှင့် ၎င်းတို့နေရာမှ ဝင်ရောက်ခံစား၍ ကိုယ်ချင်းစာနာစိတ်ဖြင့် ဆက်ဆံကြရန် ကျွန်ုပ်တို့အနေဖြင့် မေတ္တာရပ်ခံပါသည်။

ကျွန်ုပ်တို့ Milk Tea Alliance Friends of Myanmar သည် ဒေသတွင်းနိုင်ငံများအတွင်း ဒီမိုကရေစီ၊ လူ့အခွင့်အရေး နှင့် တရားမျှတမှု ရရှိရေးအတွက် ဆက်လက်စည်းရုံးတိုက်တွန်းမှုများ ပြုလုပ်သွားမည်ဖြစ်သည်။ ကျွန်ုပ်တို့သည် ရိုဟင်ဂျာများ အပါအဝင် မြန်မာပြည်သူများအားလုံးနှင့် အခြားသော ဖိနှိပ်ခံလူမှုအသိုင်းအဝိုင်းများ နှင့်အတူ ဆက်လက်ရပ်တည်သွားမည်ဖြစ်ပြီး လက်တွဲပူးပေါင်းဆောင်ရွက်ခြင်းဖြင့်သာ အားလုံးအတွက် ပိုကောင်းသော အနာဂတ်တစ်ခုကို တည်ဆောက်နိုင်မည်ဟု ယုံကြည်ထားပါသည်။

#MilkTeaAlliance Friends of Myanmar

၀၂/၀၃/၂၀၂၅